ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၉

လစဉ်သတင်းလွှာ

ဒီဇင်ဘာ ၁၆ ရက်၊ ၂၀၂၀



# မြန်မာ့နိုင်ငံရေးပါဝင်မှုတွင် အမျိုးသမီးနှင့် အမျိုးသား တန်းတူညီမျှမှု ပိုမိုရရှိရန် ဘာတွေလုပ်ဆောင်သင့်လဲ

**နိုဝင်ဘာ ၁၂၊ ၂၀၂၀**

"မြန်မာနိုင်ငံရှိ ကျား- မရေးရာနှင့်နိုင်ငံရေးပါဝင်မှု" အစီရင်ခံစာကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က အောက်တိုဘာလက ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာတွင်ပါရှိသည့် လေ့လာတွေ့ရှိချက်များကို အကျဉ်းချုပ်ရေးသားထားသည့် အကျဉ်းချုပ်မှတ်စုတွင် "မြန်မာနိုင်ငံရှိ ကျား-မရေးရာနှင့် နိုင်ငံရေးပါဝင်မှု ပစ္စုပ္ပန်အခြေအနေ၊ ကျား-မရေးရာသည် မည်သည့်အတွက်ကြောင့် အရေးကြီးသနည်းနှင့် ကျား-မရေးရာပါဝင်မှုတွင် တန်းတူညီမျှမှုပိုရှိစေရန် မည်သို့ဆောင်ရွက်မည်နည်း"စသည့် အကြောင်းအရာတို့ပါဝင်သည်။

မြန်မာ့နိုင်ငံရေးပါဝင်မှုတွင် အမျိုးသမီးနှင့် အမျိုးသားတန်းတူညီမျှမှု ပိုမိုရရှိစေရန် နိုင်ငံရေးပါတီများ၊ မြန်မာနိုင်ငံအစိုးရ၊ ဒေသန္တရခေါင်းဆောင်များ၊ အပြည်ပြည်ဆိုင်ရာအလှူရှင်များ၊ မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ဆောင်ရွက်သင့်သည့်အချက်များကို အသေးစိတ်အကြံပြုထားပါသည်။

**နိုင်ငံရေးပါတီများ**

- ပါတီတွင်းအရေးကြီးသည့် ထိပ်ပိုင်းခေါင်းဆောင်ရာထူးနေရာများအား ဖြည့်တင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ်အရွေးခံရန် မည်သို့လူရွေးချယ်သည်ကို ရှင်းလင်းသည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရန်။ ယင်းစည်းမျဉ်းစည်းကမ်းများကို ပါတီဝင်အားလုံးသို့ မခွင်းမချန် အသိပေးရန်။
- လွှတ်တော်ရွေးကောက်ပွဲများတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း ၃၀ ရာခိုင်နှုန်း သတ်မှတ်ထည့်သွင်းရန်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၅ နှင့် ၂၀၂၀ ခုနှစ်အတွင်း ရည်မှန်းချက်ချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခြင်းကြောင့် ၎င်းတို့၏ အမျိုးသမီးကိုယ်စားလှယ်လောင်း

ရာခိုင်နှုန်းသည် သိသိသာသာ တိုးမြင့်လာခဲ့သည်။ အခြားပါတီများသည်လည်း ကြားဖြတ်ရွေးကောက်ပွဲများနှင့် နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများအတွက် ထိုနည်းလမ်းကို အတုယူနိုင်သည်။ ပါတီများသည် မိမိတို့၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီများ (CECs)၊ဗဟိုကော်မတီများ(CCs)နှင့် မြို့နယ်အလုပ်အမှုဆောင် ကော်မတီများ (TECs) တွင် အမျိုးသမီးကိုယ်စားပြုမှုအတွက် ရည်မှန်းချက်များကို စတင်သင့်ပါသည်။

- အမျိုးသမီးကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်း တင်သွင်းနိုင်ရန်အတွက် အမျိုးသမီးများကို ငွေကြေးထောက်ပံ့မှု အနည်းငယ်ပေးရန်။ (အမျိုးသမီးကိုယ်စားလှယ်လောင်း အများ အပြားထွက်လာရန် အမျိုးသမီးများကို ငွေကြေးထောက်ပံ့မှုအား ဖြင့် ပံ့ပိုးပေးရန်။ )
- မဲဆွယ်စည်းရုံးရေးကာလအတွင်း အထူးသဖြင့် ဝေးလံခေါင်ဖျား နေရာများနှင့် ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများအား ပါတီလက်ထောက်တစ်ဦး ပံ့ပိုး ပေးခြင်းဖြင့် ၎င်းတို့၏လုံခြုံရေးကို တိုးမြှင့်ပေးရန်။
- အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် လူမှုကွန်ရက်များ ဖြင့် မဲဆွယ်နိုင်ရန် အကောင်းဆုံးအလေ့အကျင့်များကို ချမှတ်ပေး ရန်၊ သင်တန်းများပေးရန်နှင့် ၎င်းတို့ကို အွန်လိုင်းမှလေ့လာနိုင် အောင် ဆောင်ရွက်ရန်။ အထူးသဖြင့် အမျိုးသမီးများ၊ တိုင်းရင်းသား လူနည်းစုနှင့် ဘာသာရေးလူနည်းစု ကိုယ်စားလှယ်လောင်းများ ထိုသင်တန်းများသို့ တက်ရောက်ခွင့်ရရှိအောင် သေချာစွာ ဆောင်ရွက်ရန်။

## မြန်မာနိုင်ငံအစိုးရ

- ၂၀၁၅ ခုနှစ်တွင် မဲပေးပိုင်ခွင့်ဆုံးရှုံးခဲ့ရသူများအတွက် မဲပေးခွင့်ကို ပြန်လည်ပေးအပ်ရန်။ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည် စခန်းများတွင် နေထိုင်နေကြသော ဒုက္ခသည်များ မြန်မာနိုင်ငံသို့ ပြန်လာရေး လွယ်ကူချောမွေ့အောင် ဆောင်ရွက်ရန်။
- အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံးမဲပေးပိုင်ခွင့်နှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရာထူးများအတွက် တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းကို စတင်ရန်။ ဆယ်အိမ်မှူး နှင့် ရာအိမ်မှူးရာထူးများ ရွေးကောက်တင်မြှောက်ခြင်းအတွက် ပြည်သူအားလုံး မဲပေးပိုင်ခွင့်ကိုလည်း ထည့်သွင်းစဉ်းစားရန်။
- အမျိုးသားအဆင့်လူထုဗဟိုပြုစီမံကိန်းမှ ပြဋ္ဌာန်းထားသော အမျိုးသမီးကိုယ်စားပြုမှုအတွက် အနိမ့်ဆုံးအဆင့် ခွဲတမ်းများကို မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်များရှိ အခြား သောကော်မတီများအထိ တိုးချဲ့ရန်။
- အမျိုးသမီးရဲအရာရှိအရေအတွက်ကို မြှင့်တင်နိုင်ရန် ကြိုးပမ်းခြင်း အပါအဝင် လုံခြုံရေးဆိုင်ရာ အဓိကတာဝန်ရှိသော ရာထူးနေရာ များတွင် အမျိုးသမီးများပါဝင်မှုကို အကြီးအကျယ်ဖယ်ကြဉ် ထားသည့် ယဉ်ကျေးမှုဆိုင်ရာသတ်မှတ်ချက်များကို ပြောင်းလဲရန် အတွက် ကြိုးပမ်းဆောင်ရွက်ရန်။
- ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် များရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အတွက် အဆင်ပြေချောမွေ့ပြီး အရည်အသွေးမြင့်သော ကလေး သူငယ်စောင့်ရှောက်ရေး အစီအမံများ ထောက်ပံ့ပေးရန်။
- မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင်




အရည်အသွေးကောင်းမွန်သော မူကြိုကျောင်းများနှင့် မူလတန်း ကျောင်းများကို တိုးချဲ့ရန်။

- ရွေးကောက်တင်မြှောက်ခံရသည့် မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူး များကို စတင်မိတ်ဆက်ပေးရန်နှင့် ယင်းအုပ်ချုပ်ရေးမှူးအဆင့် အတန်းနှင့်လျော်ကန်သည့် သိသာထင်ရှားသော ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် အခွန်ဘဏ္ဍာကောက်ခံခြင်းဆိုင်ရာ အခွင့်အာဏာ ကို သတ်မှတ်ပေးရန်။

## ဒေသန္တရခေါင်းဆောင်များ

- ဒေသခံပြည်သူများအား မည်သည့်အချိန်တွင် အစည်းအဝေး ကျင်းပမည်၊ မည်သည့်အကြောင်းအရာများ ဆွေးနွေးမည်ကို ရှင်းလင်းစွာအသိပေးရန်။
- အစည်းအဝေးတက်ရောက်သူများသည် ပေးလိုက်သည့်သတင်း အချက်အလက်များအပေါ် တုံ့ပြန်ပြောဆိုဆွေးနွေးခွင့် ရရှိစေရေး သေချာစေရန်။ အမျိုးသမီးများအား အထူးသဖြင့် ငယ်ရွယ်သည့် အမျိုးသမီးများအား ပြောဆိုဆွေးနွေးလာစေရန် အားပေးခြင်းကို အထူးဂရုပြုအာရုံစိုက်ရန်။
- လူထုစည်းဝေးပွဲများမှ အကြံဉာဏ်များနှင့် တုံ့ပြန်ချက်များကို ဒေသန္တရခေါင်းဆောင်များ ဆုံးဖြတ်ချက်ချမှတ်ရာတွင် စနစ်တကျ ထည့်သွင်းရန်။ ထိုသို့ပြုလုပ်ရန်အတွက် လက်တွေ့ကျသော နည်းလမ်းတစ်ခုမှာ လူထုအစည်းအဝေးများမှ အကြံဉာဏ်များနှင့် တုံ့ပြန်အဆိုပြုချက်များကို ထည့်သွင်းစဉ်းစားရန်အတွက် ခေါင်းဆောင် များ၏ အစည်းအဝေးများတွင် မပါမဖြစ် အစည်းအဝေးအစီအစဉ်

စာမျက်နှာ ၃ သို့

(အာဂျင်တာ) တစ်ရပ်ကို ထည့်သွင်းရန်ဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာအလှူရှင်များ၊ မြန်မာ့အရပ်ဖက်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

အောက်ပါတို့အတွက် ရန်ပုံငွေထောက်ပံ့ရန်-

- ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမည့် အမျိုးသမီးများအား ငွေကြေးအနည်းငယ်ထောက်ပံ့မည့် ပါတီငယ်များ။
- ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် အွန်လိုင်းပေါ်မှ မဲဆွယ်စည်းရုံးရေး ဖွံ့ဖြိုးတိုးတက်လာစေရန် လူမှုကွန်ရက်များကို မည်သို့အကျိုးရှိရှိအသုံးချရမည်ကိုသင်ကြားပေးသောသင်တန်းများ။
- ပါတီများနှင့်ကိုယ်စားလှယ်လောင်းများ၊ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ၊ ဘာသာရေးလူနည်းစုများနှင့် အမျိုးသမီးကိုယ်စားလှယ်များအတွက် မဲဆွယ်စည်းရုံးရေးကာလတွင် သတင်းအမှားများ၊ အွန်လိုင်းပေါ်ရှိ အမုန်းတရားများနှင့် နှောင့်ယှက်မှုများကို မည်သို့မည်ပုံတုံ့ပြန်ရမည်ကို သင်ကြားပေးသော သင်တန်းများ။
- ပါတီများသည် လွှတ်တော်ကိုယ်စားလှယ်နေရာများ အနိုင်ရရေးအတွက် လက်တွေ့ကျသော အခွင့်အလမ်းများ ရှိခြင်း/မရှိခြင်းနှင့် ပါတီ၏ကိုယ်ပိုင်ဘဏ္ဍာရေးအရင်းအမြစ် ရှိခြင်း/မရှိခြင်း နှစ်ခုစလုံးတို့အပေါ်၌မူတည်၍ ထောက်ပံ့ရမည့်ပါတီများနှင့် ကိုယ်စားလှယ်လောင်းများကို ဦးစားပေးရွေးချယ်မှုပြုသင့်သည်။ (ဘဏ္ဍာရေးအရင်းအမြစ် ကြီးကြီးမားမားမရှိသော ပါတီများကိုဦးစားပေးခြင်း)
- အဖွဲ့ဝင်များရွေးချယ်ရာတွင် ဒီမိုကရေစီနည်းလမ်းကျခြင်းနှင့် စနစ်တကျရှိခြင်း အတိုင်းအတာသည် ပါတီများကြားတွင်သာမက ပါတီတစ်ခုတည်းအတွင်းတွင်ပါ ကွဲပြားခြားနားပါသည်။ ဥပမာ- NLD သည် မြို့နယ်အလုပ်အမှုဆောင်ကော်မတီနှင့် ဗဟိုကော်မတီရွေးချယ်ရာတွင် ဒီမိုကရေစီနည်းလမ်းကျပြီး စနစ်ကျသောလုပ်ငန်းစဉ်ရှိသော်လည်း ၎င်းတို့၏ ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ခြင်းအတွက်မူ ထိုသို့မဟုတ်ပါ။ အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ရန် ပါတီများနှင့် လက်တွဲလုပ်ဆောင်မည်ဆိုပါက ပါတီတစ်ခုချင်းစီ၏ လုပ်ငန်းစဉ်များကို အထူးဂရုပြုရန်လိုအပ်ကြောင်းကို ထိုအချက်က မီးမောင်းထိုးပြထားသည်။
- ပါတီများတွင် ပါတီဗဟိုမှထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာသော စနစ်ကျသည့် မြို့နယ်အဆင့် လုပ်ငန်းစဉ်ရှိလျှင်၊ ယင်းညွှန်ကြားချက်များကို မြို့နယ်အများစုက တသမတ်တည်း လိုက်နာလျှင်၊ မြို့နယ်အဆင့် စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ (သို့မဟုတ်) ရည်မှန်းချက်များကို ထုတ်ပြန်ရာတွင်ပါတီဗဟိုနှင့် ပူးပေါင်းဆောင်ရွက်ရန် အလားအလာမြင့်မားပါသည်။
- ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများ ရွေးချယ်ခြင်းလုပ်ငန်းစဉ်များအား သီးခြားပါတီခေါင်းဆောင်အနည်းငယ်က လွှမ်းမိုးချုပ်ကိုင်ထားလျှင် ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် မြို့နယ်အလုပ်အမှုဆောင်ကော်မတီများအပါအဝင် ပါတီဖွဲ့စည်းပုံများအတွင်း ကျား-မတန်းတူညီမျှမှုကိုမြှင့်တင်ရန် အရေးကြီးကြောင်းကို ယင်းပါတီခေါင်းဆောင်များအား စည်းရုံးသိမ်းသွင်းရန် လိုအပ်ပါသည်။


ယင်းသုတေသနစာတမ်းများကို (EMReF) ၏ ဝက်ဘ်ဆိုက် https://emref.org/en/publications-reports တွင် ဒေါင်းလုဒ်ပြုလုပ်ရယူနိုင်ပါသည်။ ယင်းသုတေသနသည် ကနေဒါအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် (၃) နှစ်တာ သုတေသနစီမံကိန်းမှအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယင်းသုတေသနသည် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အားပေးရန်ဆောင်ရွက်နေသည့် မြန်မာပြည် ဒီမိုကရေစီအတွက် အသိပညာ(K4DM) ဟူသည့် အစီအစဉ်တွင် ပါဝင်သည်။

**ရွှေလေး**




# ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီး ၁၇% ရွေးကောက်တင်မြှောက်ခံရ

နိုဝင်ဘာ ၁၆၊ ၂၀၂၀




ဓာတ်ပုံ- Phan Tee Eain (Creative Home)




ဓာတ်ပုံ- Phan Tee Eain (Creative Home)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရလဒ်ကြေညာချက်အရလွှတ်တော်အသီးသီး အတွက် ရွေးချယ်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရေးရာဝန်ကြီး အရေအတွက် စုစုပေါင်း၏ ၁၇ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်ဟု သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကာက်ပွဲကြေညာချက်ရလဒ်များအရ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်စုစုပေါင်း ၁၆၁ နေရာ (ရွေးကောက်ပွဲမကျင်းပသည့် ၇ နေရာရှိ)တွင် အမျိုးသမီး ၂၅ ဦးနှင့် အမျိုးသား ၁၃၆ ဦး ရွေးကောက်တင်မြှောက်ခံရပြီး ရာခိုင်နှုန်းအားဖြင့် အမျိုးသမီး ၁၅.၅၃ ရာခိုင်နှုန်းနှင့် အမျိုးသား ၈၄.၄၇ ရာခိုင်နှုန်း ရှိသည်။ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် စုစုပေါင်း ၃၁၅ နေရာ(ရွေးကောက်ပွဲ မကျင်းပသည့် ၁၅ နေရာရှိ)တွင် အမျိုးသမီး ၅၃ ဦး နှင့် အမျိုးသား ၂၆၂ ဦး ရွေးကောက်တင်မြှောက်ခံရပြီး ရာခိုင်နှုန်းအားဖြင့် အမျိုးသမီး ၁၆.၈၂ ရာခိုင်နှုန်းနှင့် အမျိုးသား ၈၃.၁၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိသည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီး ၇၉ ဦးနှင့် အမျိုးသား ၃၉၇ ဦးတို့ ရွေးကောက်တင်မြှောက်ခံရပြီး ရာခိုင်နှုန်း အားဖြင့် အမျိုးသမီး ၁၆.၆ ရာခိုင်နှုန်းနှင့် အမျိုးသား ၈၃.၄ ရာခိုင်နှုန်းရှိသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် တိုင်းနှင့် ပြည်နယ်လွှတ်တော်များ၌ မဲဆန္ဒနယ်စုစုပေါင်း ၆၄၁ နေရာအတွက် အမျိုးသမီး ၁၁၆ ဦး ရွေးကောက်တင်မြှောက်ခံရပြီး ရာခိုင်နှုန်း အားဖြင့် ၁၈ ရာခိုင်နှုန်းရှိသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်ပါဝင်မှုမှာ ၁၂.၈ ရာခိုင်နှုန်းရှိခဲ့ပြီး ယခု ၂၀၂၀ ရွေးကောက်ပွဲတွင် ၆ ရာခိုင်နှုန်းနီးပါး တိုးမြင့်လာခြင်းဖြစ်သည်။ အမျိုးသမီးပါဝင်မှုအမြင့်ဆုံးမှာ ရန်ကုန်တိုင်း လွှတ်တော်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းပါဝင်မှုရှိသည်။ အမျိုးသမီးပါဝင်မှု အနိမ့်ဆုံးမှာ ချင်းပြည်နယ်လွှတ်တော်ဖြစ်ပြီး ၅ ရာခိုင်နှုန်း ပါဝင်မှုရှိသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း (၇၀၀၀) ရှိပြီး အမျိုးသမီးကိုယ်စားလှယ်လောင်း (၁၅.၆) ရာခိုင်နှုန်း ပါဝင်သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ် (၆၄၀၀) ကျော်တွင် အမျိုးသမီး ကိုယ်စားလှယ်လောင်း (၁၃) ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

Source: Election & Democracy, Phan Tee Eain (Creative Home)

ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

# အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းစီမံချက်အပေါ် ကာလလတ်ပြန်လည် သုံးသပ်သည့် နိုင်ငံအဆင့်ဆွေးနွေး

**နိုဝင်ဘာ ၃၊ ၂၀၂၀**

အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းစီမံချက် (ASEAN RPA on EVAW)အပေါ် ကာလလတ်ပြန်လည်သုံးသပ်သည့် နိုင်ငံအဆင့်ဆွေးနွေးပွဲကို အွန်လိုင်းစနစ်ဖြင့် အောက်တိုဘာလ ၂၂ရက်နေ့က ပြုလုပ်ခဲ့သည်ဟု သိရသည်။

၎င်းဆွေးနွေးပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က "အခုလို ကာလလတ်ပြန်လည်သုံးသပ်တဲ့အတွက် အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစီမံချက် (ASEAN RPA on EVAW)ပါ လုပ်ငန်းရပ် တွေနဲ့ပတ်သက်ပြီး မိမိတို့နိုင်ငံအဆင့်မှာ အကောင်အထည်ဖော်ဆောင်မှုတွေကို စုစည်းဆန်းစစ်ပြီး စိန်ခေါ်မှု၊ ကွာဟချက်နဲ့ ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေကို သတ်မှတ်ဖော်ထုတ်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံ (ASEAN Summit)မှာ အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစီမံချက် (RPA EVAW) ကို အတည်ပြုခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်ဟုဆိုသည်။ လက်ရှိအချိန်သည် အာဆီယံလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်မှု ပထမ (၅) နှစ် ပြီးမြောက်လုနီးပါးဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လုပ်ငန်းစီမံချက်အား ကာလလတ်ပြန်လည်သုံးသပ်မှုကို ပြုလုပ်ရမည်ဖြစ်သည်။ ကာလလတ်ပြန်လည်သုံးသပ်မှုကို အဆင့် (၂) ဆင့်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး ပထမအဆင့်အဖြစ် ရှိနှင့်ပြီးသောစာတမ်းနှင့် အချက်အလက်များအပေါ် သုံးသပ်လေ့လာခြင်း၊ ဒုတိယအဆင့်အဖြစ် နိုင်ငံအဆင့်ဆွေးနွေးပွဲများကို ကျင်းပခြင်းတို့ ဖြစ်သည်ဟုဆိုသည်။ ဝန်ကြီးဌာနအနေဖြင့် အာဆီယံအမျိုးသမီးကော်မတီ (ASEAN Committee on Women - ACW) နှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ASEAN Commission on Promotion and Protection of the Rights of Women and Children) တို့အပြင် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Women - AMMW) တို့မှာလည်း အဓိကတာဝန်ခံများအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးအတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ အမျိုးသမီးများ အပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေမူကြမ်းကိုရေးဆွဲခြင်း၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် အမျိုးသားကော်မတီဖွဲ့ပြီး လုပ်ငန်း



ဓာတ်ပုံ- Ministry of Social Welfare, Relief, and Resettlement Facebook

စီမံချက်(မူကြမ်း) ရေးဆွဲခြင်းများလည်း လုပ်ဆောင်နေသည်ဟုဆိုသည်။ အကြမ်းဖက်ခံရသူအမျိုးသမီးများကို ဝန်ဆောင်မှုတွေပေးနိုင်ရန်အတွက် (၂၄)နာရီ Help Line ဖွင့်လှစ်ထားခြင်း၊ One Stop Women Support Center (၆) ခု ဖွင့်လှစ်ထားရှိခြင်း၊ တရားရင်ဆိုင်စရိတ်နှင့် အသက်မွေးဝမ်းကျောင်းအတွက် ထောက်ပံ့မှုများပေးခြင်း၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူတွေကို လေ့ကျင့်သင်တန်းပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

နိုင်ငံအဆင့်ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအနေဖြင့် ဆွေးနွေးပွဲရည်ရွယ်ချက်များ အောင်မြင်နိုင်ရေး၊ အမျိုးသမီးများအကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အခက်အခဲနှင့် စိန်ခေါ်မှုများ မကျန်ခဲ့စေရေး ပိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း၊ နိုင်ငံအဆင့်ဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးကြသည့် UNFPA နှင့် UNWOMEN မြန်မာ၊ ကျား-မ တန်းတူညီမျှရေးကွန်ရက်တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေး က အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းစီမံချက်အပေါ် ကာလလတ်ပြန်လည်သုံးသပ်သည့် နိုင်ငံအဆင့်ဆွေးနွေးပွဲ၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ UN WOMEN Regional Consultant၊ Ms. Katherine Belen က အာဆီယံဒေသဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းစီမံချက်ပါ ဦးစားပေးလုပ်ငန်းနယ်ပယ် (၅) ရပ်နှင့် လုပ်ငန်းစီမံချက် (၈) ခုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း၊ အစုအဖွဲ့အလိုက် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြသည်။

Source: https://www.facebook.com/mswrrmyanmar/posts/1817897191693231



ဓာတ်ပုံ-https://en.wikipedia.org/wiki/Sanna_Marin#/media

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

“ကျွန်မရဲ့အသက်၊ ကျား-မဖြစ်တည်မှုနဲ့ ပတ်သက်ပြီး တစ်ခါမှ မစဉ်းစားခဲ့ဘူး။ နိုင်ငံရေးထဲကို ကျွန်မဝင်ရတဲ့အကြောင်းအရင်းနဲ့ မဲဆန္ဒရှင်တွေရဲ့ယုံကြည်မှုကို ရရှိခဲ့တာတွေကိုပဲ ကျွန်မစဉ်းစားတယ်။”

---- Sanna Marin (Prime Minister of Finland)

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပါအဝင် ဒီမိုကရေစီပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများတန်းတူကိုယ်စားပြုပါဝင်နိုင်ဖို့ ဆောင်ရွက်နေသည်ဟုဆို

**အောက်တိုဘာ ၇၊ ၂၀၂၀**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အပါအဝင် ဒီမိုကရေစီပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ တန်းတူကိုယ်စားပြု ပါဝင်နိုင်ဖို့ ဆောင်ရွက်နေသည်ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အောက်တိုဘာ (၁) ရက်နေ့က စတင်ကျင်းပခဲ့သည့် (၇၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ကာလအတွင်းပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ (၂၅) နှစ်ပြည့်အထိမ်းအမှတ်အဆင့်မြင့်အစည်းအဝေး၌ ဗီဒီယိုမိန့်ခွန်းပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများအားလုံး သဘောတူထားသည့် ပြည်ထောင်စုသဘောတူညီချက်တွင် ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသည့် ခွဲခြားဆက်ဆံမှုမရှိစေရေး၊ တန်းတူညီမျှမှုရှိစေရေးတို့အတွက် မူဝါဒချမှတ်ဆောင်ရွက်ရန်၊ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများအနည်းဆုံး (၃၀) ရာခိုင်နှုန်းပါဝင်ရေးကို အားပေးရန်၊ ကျား-မရေးရာ အခြေပြု အကြမ်းဖက်မှုများကို ကာကွယ်နိုင်သည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန်၊ အမျိုးသမီးများ၏စွမ်းဆောင်မှုကို မြှင့်တင်ရန်စသည့် ကျား-မဆိုင်ရာ တန်းတူညီမျှမှု



ဓာတ်ပုံ- Ministry of Social Welfare, Relief, and Resettlement Facebook

အတွက် ဆောင်ရွက်ရန် သဘောတူညီချက်များပါဝင်ကြောင်း ပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကျား-မတန်းတူရည်တူရှိမှု မြှင့်တင်ရေးနှင့် ထိခိုက်ခံစားလွယ်သောအုပ်စုများကို ကာကွယ်ရေးလုပ်ငန်းများကို ဥပဒေများ၊ မူဝါဒများချမှတ်ခြင်းမှသည် လက်တွေ့အကောင်အထည်ဖော်ခြင်းအထိ အဆင့်ဆင့် အားသွန်ခွန်စိုက် ဆောင်ရွက်နေသည်ဟု ဆိုသည်။

COVID-19 ကပ်ရောဂါကို ရင်ဆိုင်တုံ့ပြန်ရာတွင်လည်း အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ထိခိုက်လွယ်အုပ်စုများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခြင်းမရှိစေရဟူသောမူအတိုင်း ကာကွယ်တုံ့ပြန်မှုများကို ဆောင်ရွက်နေသည်ဟု ဒေါက်တာဝင်းမြတ်အေးက ထည့်သွင်းပြောကြားခဲ့သည်။ COVID-19 စီးပွားရေးကုစားမှုအစီအစဉ်တွင်လည်း ကျား-မရေးရာကို ထည့်သွင်းစဉ်းစားထားသည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျား-မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယင်းအဆင့်မြင့် အစည်းအဝေးသည် ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေကျင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ (၂၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကျား-မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ စွမ်းပကားမြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ညီလာခံဖွင့်ပွဲတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များက Video Message ဖြင့် အဖွင့်မိန့်ခွန်းများပြောကြားခဲ့ကြပြီး နိုင်ငံအလိုက် အမျိုးသမီးရေးရာကိစ္စရပ်များတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှာစကားများပြောကြားခဲ့ကြပါသည်။

Source: https://www.facebook.com/mswrrmyanmar/photos/a.855290534620573/1797831720366445/